

ငပွေး

# ဇာတ်လမ်းအကျဉ်း

၁၀ တန်းကျောင်းသားဘဝတည်းက နေမင်းကိုကိုမှာ ငမြွေထိုး ဟူ နာမည်ဖြင့် ကျော်ကြားခဲ့သည်။

သူတစ်ပါးကို စလိုက် နောက်လိုက် မြွေလိုက်ဖြင့် အချိန်ကုန်ခဲ့ သည်။ ဒါပေမယ့် စာတော်သလို ပန်းချီလည်း တော်သည်။

တက္ကသိုလ်ကျောင်းသားဘဝရောက်သောအခါ ၁၀တန်းကျောင်း သားဘဝက ဇာခြည်လင်း ဆိုသော သူငယ်ချင်းနှင့် ပြန်ဆုံတွေ့ခဲ့သလို သူ့သူငယ်ချင်း နေကြာပွင့် ဆိုသော မိန်းကလေးနှင့်လည်း ရင်းနှီးခဲ့သည်။

နေကြာပွင့်မှာ နေမင်းကိုကို ၁၀တန်းကျောင်းသားဘဝမှ ဆရာမ ဒေါ်ခင်မျိုးဝေ၏ တူမ ဖြစ်သည်။

နေကြာပွင့်ကို မြင်မြင်ချင်း ချစ်မိသွား၍ နေမင်းကိုကိုက ပိုးပန်း သော်လည်း သူနှင့်ဆုံတိုင်း အလွဲကြီး လွဲနေသောကြောင့် ဒုက္ခရောက်ခဲ့ သည်။ နောက်တော့ သူ့သူငယ်ချင်း ဇာခြည်လင်းကို အသုံးချပြီး နေကြာ ပွင့်နှင့် အောင်သွယ်လုပ်ခိုင်းခဲ့သည်။

ဇာခြည်လင်းကလည်း နေမင်းကိုကိုစကားကို ယုံပြီး နေကြာပွင့် နှင့် အောင်သွယ်လုပ်ပေးသည်။ နေကြာပွင့်ကလည်း နေမင်းကိုကိုကို ပုစ္ဆာလေးတွေ ပေးပေးပြီး ဖြေရှင်းခိုင်းသည်။

နေမင်းကိုကိုလည်း သူ့ရဲ့ဉာဏ်နဲ့ပေါင်းစပ်ပြီး နေကြာပွင့် ပေး သော အချစ်ပုစ္ဆာပြဿ နာလေးတွေကို ဖြေရှင်းပြခဲ့သည်။

နောက်ဆုံးပုစ္ဆာမှာ နေကြာပွင့်နှင့်စေ့စပ်ရန် လျာထားသော စင် ကာပူမှ လူတစ်ယောက်ကို နေမင်းကိုကိုအစွမ်းနှင့် စေ့စပ်ပွဲပျက်အောင် လုပ်ပေးရန်

ဖြစ်သည်။

နေမင်းကိုကိုလည်း ဇာခြည်လင်းကို ထပ်မံအသုံးချပြီး ထိုလူ နှင့် စေ့စပ်ပွဲပျက်အောင် အကွက်ချ စီစဉ်ခဲ့သည်။ စေ့စပ်ပွဲ ပျက်သွား သောအခါ နေမင်းကိုကိုနှင့် နေကြာပွင့် ချစ်သူတွေ ဖြစ်သွားသလို နေ မင်းကိုကိုကို တစ်ဖက်သတ်ကြိုက်နေရှာသော ဇာခြည်လင်းခမျာ သူ့ကို တစ်ပတ်ရိုက်၍ နေမင်းကိုကို အစွံထုတ်သွားမှန်းသိပြီး အသည်းကွဲကျန် ခဲ့တော့သည်။

**ဟော့လိုင်း**

♥ ♥ ♥

## (၁)

ဆရာမဒေါ်ခင်မျိုးဝေ ကျောင်းသားများ၏ စာစီစာကုံးစာအုပ်ကို တစ်ယောက်ချင်း စစ်ပေးနေသည်။

မနေ့က မိမိနှစ်သက်ရာ တိရစ္ဆာန်အကြောင်းကို စာစီစာကုံးရေး ခဲ့ပါဟု အိမ်စာ ပေးလိုက်၍ ချစ်တပည့်များက လာထပ်ထားခြင်း ဖြစ် သည်။ အဲဒီ စာအုပ်များကို ညဘက် အိမ်မှာ တစ်ယောက်တည်း လက် ဖက်သုပ်စားရင်း စစ်ပေးနေသည်။

ပထမဦးဆုံး စစ်လိုက်သည့်စာအုပ်မှာ အတန်းထဲတွင် စာအတော် ဆုံးကျောင်းသားလေး နေမင်းကိုကို၏ စာအုပ် ဖြစ်သည်။ သူရေးထားသည့် အကြောင်းမှာ ပုရွက်ဆိတ်အကြောင်း ဖြစ်သည်။

မဆိုးလှ။ အရေးအသားလေး ကောင်းပြီး အဓိပ္ပာယ်လည်းရှိသည်။ ပုရွက် ဆိတ်လေးများသည် အကောင်သေးပြီး အားနည်းသော်လည်း ဝီရိယရှိရှိ ဖြင့် အစာရှာတတ်ပုံ၊ စည်းလုံးညီညွတ်ပုံ၊ မည်သည့်နေရာတွင် ဖြစ်စေ သကြားခဲ တစ်ခဲ ချထားပါက ထောက်လှမ်းရေးကောင်းမွန်စွာဖြင့် မိနစ် ပိုင်းအတွင်း အရောက်လာနိုင်ပုံ၊ လူသားတွေအတွက်လည်း ခြင်ကဲ့သို့ဒုက္ခ မပေးပုံ၊ ရောဂါအန္တရာယ်မဖြစ်စေနိုင်ပုံတို့ကို ထိထိမိမိရေးဖွဲ့ထားသည်။ နိဂုံးချုပ်မှာဆိုလျှင် သူသာ တစ်နေ့အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်လာပါက မိမိ၏ ချစ်ဇနီးကို ပုရွက်ဆိတ်ကဲ့သို့ ဇွဲလုံ့လဝီရိယ မလျှော့ဘဲ ရှာဖွေကျွေးမွေးကာ ပြည့်စုံအောင်ထားမည်ဟု အဆုံးသတ်ထားပုံမှာ ဒေါ်ခင်မျိုးဝေ ရင်ထဲ ငြိသည်။

နေမင်းကိုကို၏ စာစီစာကုံးကို သဘောကျပြီး အမှတ်ပြည့်ပေး လိုက်သည်။

ထို့နောက် ဒုတိယစာအုပ်ကို ဆက်လှန်လိုက်သည်။ အဲဒီ စာအုပ် က

အတန်းထဲမှာ စာအညံ့ဆုံး သူ့နောက်မှာ အုတ်နံရံပဲရှိတော့သည့်ကျောင်း သားလေး ကိုဦး၏ စာအုပ်ဖြစ်သည်။

သူရေးထားသည့်အကြောင်းမှာ ဆင်အကြောင်းဖြစ်သည်။ ဆင်အကြောင်း ဖတ်ပြီးသကာလ ဒေါ်ခင်မျိုးဝေ ကိုဦးကို အနားမှာသာရှိလျှင် ပါးတွေနားတွေ ရိုက်ချင်စိတ်ပေါက်လာသည်။

အဘယ်ကြောင့်ဆိုသော် သူရေးထားသည့် စာစီစာကုံးမှာ ဤသို့ဖြစ်သည်။

ဆင်အကြောင်း

ဆင်သည် တိရစ္ဆာန်များထဲတွင် ခန္ဓာကိုယ်အကြီးဆုံးဖြစ်သည်။ နားရွက်လည်း ကြီးပြီး နှာမောင်းလည်း ရှည်သည်။ ကြံကို စားသည်။ မယုံလျှင် တိရစ္ဆာန်ရုံသို့သွားပြီး ကြည့်နိုင်သည်။

သူ့အတန်းထဲမှာ အဲဒီ လောက်ညံ့တဲ့ စာစီစာကုံးလည်း ရှိသေးတာ ကိုး။ ဒါပေမယ့် အမှန်တွေ ရေးထားတာဆိုတော့လည်း အားနာပါးနာနှင့် ၁၀ မှတ်တန် စာစီစာကုံးကို ၁မှတ်တော့ ပေးလိုက်ပါသည်။

တတိယမြောက် စာစီစာကုံးကို ဖတ်လိုက်သောအခါ ဒေါ်ခင်မျိုး ဝေ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ဖားအကြောင်း

ဖားဆိုသည်မှာ ခေါင်းနှင့်ကိုယ် တစ်ဆက်တည်းရှိပြီး လည်ပင်း မပါသော သတ္တဝါ ဖြစ်သည်။ လည်ပင်းမပါရခြင်းအကြောင်းမှာ ဆွဲကြိုး ဆွဲရန် ငွေကြေး မတတ်နိုင်၍ မျက်လှည့်ဆရာက ဖျောက်ပေးထားခြင်း ဖြစ်သည်။ လမ်းလျှောက်၍ မသွားဘဲ ခုန်ဆွခုန်ဆွ သွားခြင်းမှာ အရင် ဘဝက တရုတ်သရဲဝင်စား၍ ဖြစ်သည်။ ဖားအကြောင်းကို အတိအကျ သိလိုပါက

အင်တာနက်မှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်သည်။ သူတို့ သည် မာနမကြီးတတ်၊ ဘဝင်မမြင့်တတ်၊ ဖော်ရွေတတ်သောအမျိုး ဖြစ် သည်။ ဖားဧ၏ ကိုယ်ရေးရာဇဝင်အချက်အလက်များကို သူတို့၏ သူငယ်ချင်း ဌေးမျှများထံတွင် မေးမြန်းနိုင်သည်။ လိပ်စာမှာ ချောင်ကြိုချောင်ကြားဖြစ် သည်။

ဆရာမဆီထပ်တဲ့ စာစီစာကုံးကို ပြောင်သလိုနောက်သလို ရေး ထား၍ ဒေါ်ခင်မျိုးဝေ အတော် ဒေါသထွက်သွားသည်။ နာမည်ကို လှန် ကြည့်လိုက်တော့ နောက်ဆုံးတန်းမှာ ကိုဥဒေါ်နဲ့အတူတွဲထိုင်တဲ့ ကျော်ကျော် အောင်။

ဒေါ်ခင်မျိုးဝေ စိတ်ထဲမှာ တေးထားလိုက်သည်။

'မနက်ဖြန်မှ တွေ့မယ်'

စာစီစာကုံးတွေ အားလုံးဖတ်ပြီးသောအခါ အားလုံး သူ့ဟာနှင့်သူ အဆင်ပြေသဖြင့် ထိုက်သင့်သောအမှတ်တွေ ပေးပြီး အိပ်ရာဝင်ရန် ဟန် ပြင်လိုက်သည်။

အိပ်ရာထဲရောက်တော့ ကျော်ကျော်အောင်၏ စာစီစာကုံးကသာ ခေါင်းထဲရောက်နေ၍ မကျေမနပ်ဖြစ်နေသည်။ ဆရာမကို မလေးမစား လုပ်တဲ့ကောင် မနက်ကျမှ ထားဝယ်ကြိမ်နဲ့ မိတ်ဆက်ပေးဦးမယ်။

သူ့အကြောင်းတွေ စဉ်းစားနေတာနဲ့တင် ည ၁၂နာရီထိုးမှ အိပ် ပျော်ခဲ့သည်။ လက်ဖက်စားလို့ မျက်စိကြောင်နေတာလည်း ပါတာပေါ့။

ထို့ကြောင့် မနက်ကျောင်းကိုရောက်တော့ အနည်းငယ်နောက်ကျ နေပြီ။

♥ ♥ ♥